# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 2, 2026 — Volume 104 , Number 2


၂.၇.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၆.၈၄ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၃.၉၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၂.၉၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၉.၇၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၄၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၅.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၀၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တရုတ်နိုင်ငံ HEILONGJIANG ကုန်သည်ကြီးများအသင်းက ငှက်ပျောလျှော်နှင့် မြက်မှထုတ်လုပ်သည့် လက်မှုပစ္စည်းများအား ဝယ်ယူ



Green Banana Myanmar ၏ စွန့်ဦးတီထွင်လုပ်ငန်းဖြစ်သည့် ငှက်ပျောလျှော်နှင့်မြက်မှ ထုတ်လုပ်သည့် အရည်အသွေးမြင့် လက်မှုပစ္စည်းများကို တရုတ်နိုင်ငံ HEILONGJIANG ကုန်သည်ကြီးများအသင်းက ဝယ်ယူရန်အတွက် ဇွန်လ ၃၀ ရက်က သဘောတူလက်မှတ် ရေးထိုးခဲ့ကြောင်း အဆိုပါလုပ်ငန်းမှ သိရသည်။

“စွန့်ဦးတီထွင်လုပ်ငန်းအဖြစ် ကြိုးစားခဲ့သမျှ အောင်မြင်မှုရခဲ့ပါပြီ။ နိုင်ငံတော်အကြီးအကဲ တရုတ်ခရီးစဉ်သွားပြီး ဆီဒိုးနားဟိုတယ်မှာ ကျင်းပတဲ့ ခရီးသွားပြပွဲကနေ တစ်ဆင့်အချိတ်အဆက် ရခဲ့တယ်။ အဲဒီကနေ ငှက်ပျောလျှော်နဲ့ မြက်ကထွက်တဲ့ ပစ္စည်းတွေ တင်ပို့ရောင်းချနိုင်ဖို့ လက်မှတ်ထိုးဖြစ်ခဲ့တာပါ။ ဒီလုပ်ငန်းကနေ ဒေသခံတွေ အလုပ်အကိုင်ဖန်တီးပေးနိုင်လို့ ဝမ်းသာကျေနပ်ရပါတယ်။ စွန့်ပစ်ပစ္စည်းကနေ လူသုံးကုန်ပစ္စည်းတွေ ဆက်ထုတ်ချင်ပါတယ်။ နိုင်ငံတော်ကပေးတဲ့ ထူးချွန်စွန့်ဦးတီထွင်သူ ၁၁၉ ဦးထဲမှာ ပါဝင်ခဲ့တယ်။

အခုလို ထူးချွန်ဆုရရှိခဲ့တဲ့အပေါ် ဝမ်းမြောက်ဂုဏ်ယူပြီး အသိအမှတ်ပြုပေးတဲ့ နိုင်ငံတော် အကြီးအကဲနဲ့တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု Green Banana Myanmar တည်ထောင်သူ ဦးမြင့်သိန်းက ပြောကြားသည်။

Green Banana Myanmar အနေဖြင့် ငှက်ပျောလျှော်နှင့်မြက်မှ ခေါင်းအုံး၊ ဦးထုပ်၊ ပဝါ၊ အိတ်၊ ဖိနပ်၊ ဖျာ ဒီဇိုင်းမျိုးစုံနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်

ရှိပြီး အဆိုပါလက်မှုပစ္စည်းများကို HEILONGJIANG ကုန်သည်ကြီးများအသင်းက တရုတ်နိုင်ငံ ပြည်နယ်လေးခုရှိ အခြား ကုမ္ပဏီများ၊ အဖွဲ့အစည်းများထံ ရောင်းချသွားမည်ဖြစ်ကာ လာမဲ့ဩဂုတ်လတွင် တင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://onenewstvchannel.com/

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် အကြိုဈေးရောင်းပွဲတော်ကျင်းပ





(၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ အကြိုဈေးရောင်းပွဲတော်ကို ဇူလိုင်လ ၁ ရက် မနက်ပိုင်းက ဗဟန်းမြို့နယ်ရှိ တိုင်းသမဝါယမဦးစီးဌာနမှာ ကျင်းပါတယ်။အဲဒီဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတွေနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်တွေ တက်ရောက်ကြတယ်လို့ ဆိုပါတယ်။

(၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် အကြိုဈေးရောင်းပွဲတော်မှာ ဒေသထွက်ကုန်တွေနဲ့ သမဝါယမထုတ်ကုန် ဆိုင်ခန်းပေါင်း (၄၀) ခန်းနဲ့ စတုဒီသာဆိုင်ခန်း (၁) ခန်း အပါအဝင် စုစုပေါင်းဆိုင်ခန်း (၄၁) ခန်း ပါဝင်ခင်းကျင်းပြသရောင်းချပေးတာဖြစ်တယ်လို့ သိရပါတယ်။ဒီဈေးပွဲတော်မှာ ရောင်းချတဲ့ကုန်ပစ္စည်းတွေကို ပြင်ပ ပေါက်ဈေးထက်လျှော့ချပြီး ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးခဲ့တယ်လို့လည်း သိရပါတယ်။

**Source:** https://onenewstvchannel.com/

## LNG သင်္ဘော ၈ ကြိမ်မြောက်အဖြစ် ရောက်ရှိလာ




LNG တန်ချိန် ၃၀၀၀၀ကျော်ခန့် တင်ဆောင်လာတဲ့ LNG သင်္ဘောဟာ ၈ကြိမ်မြောက်အဖြစ် ဇူလိုင်၁ရက်က သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းကို ရောက်ရှိလာတယ်လို့ သိရပါတယ်။ အဲဒီသင်္ဘောဟာ LNG ဓာတ်အားပေး စက်ရုံတွေအတွက် လိုအပ်တဲ့ LNG ဓာတ်ငွေ့ရည်တွေကို ဖြည့်တင်းပေးသွားမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။

လက်ရှိမှာ သာကေတနဲ့ သန်လျင်မှာရှိတဲ့ LNG သုံး ဓာတ်အားပေးစက်ရုံတွေကနေ အထူးစီးပွားရေးဇုန်တွေနဲ့ စက်မှုဇုန်တွေကို ၂၄နာရီ ဓာတ်အားဖြန့်ဖြူးပေးနေပြီး ပုံသေဓာတ်အားခနှုန်းထားအဖြစ် တစ်ယူနစ်ကို ကျပ်၉၀၀ သတ်မှတ်ထားပါတယ်။စက်မှုဇုန်နဲ့ အထူးစီးပွားရေးဇုန်တွေရဲ့ ပြင်ပမှာရှိတဲ့ စက်မှုစီးပွားရေးလုပ်ငန်းတွေအနေနဲ့လည်း ပုံသေဓာတ်အားခနှုန်းထားအဖြစ် တစ်ယူနစ်ကို ၉၀၀ ကျပ် ပေးဆောင်ပြီး ၂၄ နာရီ လျှပ်စစ်ဓာတ်အားရယူလိုကြောင်း တင်ပြလာရင် ဆောင်ရွက်

ပေးသွားမယ်လို့လည်း သိရပါတယ်။

**Source:** https://onenewstvchannel.com/

## နနွင်းတက်များ တရုတ်နိုင်ငံမှ ဝယ်လိုအားရှိ

တရုတ်ကုမ္ပဏီအချို့က မြန်မာပြည်မှ နနွင်းတက်များဝယ်ယူလိုကြကြောင်း၊ သို့သော် တရုတ်တိုင်းရင်းဆေးများ၊ ဖြည့်စွက်ဆေးများအပြင် အစားအစာများတွင် အသုံးပြုမည်ဖြစ်သည့်အတွက် ၎င်းတို့လိုချင်သော အရည်အသွေးနှင့်ကိုက်ညီမှသာ ဝယ်ယူတင်သွင်းလိုကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နနွင်းကို အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ကမ္ဘာ့အဓိကထုတ်လုပ် တင်ပို့သည့် နိုင်ငံဖြစ်ပါသည်။ နှစ်စဉ်တန်ချိန် ၉၀,၀၀၀ ခန့်ထုတ်လုပ်နိုင်ပြီး ကမ္ဘာ့စတုတ္ထအများဆုံး ထုတ်လုပ်၊ တင်ပို့သောနိုင်ငံဖြစ်ပါသည်။

ယခုအခါ တရုတ်ကုမ္ပဏီအချို့က မြန်မာပြည်မှ နနွင်းတက်များ ဝယ်ယူလိုကြကြောင်း ဆက်သွယ်ပြောကြားလာသည့်အတွက် တရုတ်နိုင်ငံသို့ နနွင်းတက်တင်ပို့လိုသူများအနေဖြင့် Viber : ၀၉၉၄၃၆၀၂၃၆၇ သို့ ဆက်သွယ်နိုင်သည်။

**Source: ခင်မြမြထွေး၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့**

## ဟောင်ကောင်ဒေသ၏ ပို့ကုန်နှင့်သွင်းကုန်များ နှစ်ကြိမ်ဆက်တိုက် ၄၀ ရာခိုင်နှုန်းကျော် မြင့်တက်

ဟောင်ကောင်ဒေသ၏စုစုပေါင်းပို့ကုန်နှင့်သွင်းကုန်များသည် မေလတွင် တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့ပြီး ပို့ကုန်နှင့်သွင်းကုန်နှစ်ခုလုံးမှာ နှစ်အလိုက်နှိုင်းယှဉ်ချက်အရ နှစ်လဆက်တိုက် ၄၀ ရာခိုင်နှုန်းကျော်စီ တိုးတက်မှုများရှိခဲ့ကြောင်း သန်းခေါင်စာရင်းနှင့်စာရင်းအင်းဦးစီးဌာန၏ ၂၅-၆-၂၀၂၆ ရက်ထုတ်ပြန်ချက်များအရ သိရှိရကြောင်း သတင်းကို ၂၆-၆-၂၀၂၆ ရက်တွင်ထုတ်ဝေသော The Standard ဂျာနယ်တွင် "HK EXPORTS, IMPORTS UP OVER 40PC TWICE IN A ROW" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ဉာဏ်ရည်တု(AI) ဖွံ့ဖြိုးတိုးတက်မှုအပေါ် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်စိတ်အားထက်သန်မှုများက AI နှင့်သက်ဆိုင်သော အီလက်ထရွန်နစ်ထုတ်ကုန်များ၏ ဝယ်လိုအားကို မြင့်တက်စေခဲ့ခြင်းကြောင့် ကုန်စည်စုစုပေါင်းပို့ကုန်တန်ဖိုးမှာ ၄၀ ဒသမ ၈ ရာခိုင်နှုန်းအထိခုန်တက်သွားခဲ့ကြောင်း၊ အဆိုပါကိန်းဂဏန်းသည် ဈေးကွက်၏မျှော်မှန်းချက်ဖြစ်သော ၄၁ ဒသမ ၇ ရာခိုင်နှုန်းအောက် အနည်းငယ်လျော့နည်းခဲ့ပြီး ပြီးခဲ့သည့်လက ၄၂ ဒသမ ၉ ရာခိုင်နှုန်းအောက်လည်းလျော့နည်းခဲ့ကြောင်း၊ မေလတွင် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ဟောင်ကောင်ဒေါ်လာ ၆၁၁ ဒသမ ၂ ဘီလီယံအထိရှိခဲ့ပြီး သွင်းကုန်တန်ဖိုးမှာ ၄၂ ရာခိုင်နှုန်းမြင့်တက်ကာ ဟောင်ကောင်ဒေါ်လာ ၆၅၅ ဒသမ ၄ ဘီလီယံအထိရှိခဲ့ကြောင်းနှင့် ကုန်သွယ်မှုလိုငွေပြမှုအဖြစ် ဟောင်ကောင်ဒေါ်လာ ၄၄ ဒသမ ၂ ဘီလီယံကို သိသာထင်ရှားစွာမှတ်တမ်းတင်ခဲ့ရပြီး ယင်းသည် ကုန်ပစ္စည်းသွင်းကုန်၏ ၆ ဒသမ ၇ ရာခိုင်နှုန်းနှင့်ညီမျှကြောင်း ဖော်ပြထားသည်။

ရှေ့အလားအလာကိုကြည့်ပါက AI နှင့်သက်ဆိုင်သော အီလက်ထရွန် နစ်ထုတ်ကုန်များအတွက် ကမ္ဘာ့တစ်ဝန်းဝယ်လိုအားကောင်းမွန်နေဆဲဖြစ်ခြင်းက ဟောင်ကောင်၏ကုန်ပစ္စည်းကုန်သွယ်မှု စွမ်းဆောင်ရည်ကို ဆက်လက်ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊တစ်ချိန်တည်းမှာပင် မကြာသေးမီက အရှေ့အလယ်ပိုင်းဒေသ၌ ပထဝီနိုင်ငံရေးတင်းမာမှုများ လျော့ပါးသွားခြင်းက ကမ္ဘာ့စီးပွားရေးအလားအလာအတွက် ရေတိုသက်သာရာရမှုကိုဖြစ်စေခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း ဆန့်ကျင်ဘက်အခက်အခဲများ(Headwinds)ရှိနေဆဲဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက သတိပေးခဲ့ပြီး အစိုးရအနေဖြင့် ပြင်ပအန္တရာယ်များကို ဆက်လက်သတိပြုစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါခိုင်မာသောကိန်းဂဏန်းများအပေါ် တုံ့ပြန်ချက်အဖြစ် ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ (HKTDC)က မှတ်ချက်ပြုရာတွင် ဇွန်လလယ်ပိုင်းက အမေရိကန်နှင့်အီရန်တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး နောက်ပိုင်း မငြိမ်မသက်မှုများရှိနိုင်သေးသော်လည်း တင်းမာမှုများယာယီလျော့ပါးသွားခြင်းသည် ရေနံဈေးနှုန်းများကျဆင်း လာခြင်းနှင့်အတူ စီးပွားရေးအလားအလာအပေါ် ကောင်းမွန်သော သက်ရောက်မှုများရှိလာမည်ဟု မျှော်လင့်ရကြောင်း ဖော်ပြထားပါသည်။

ဟောင်ကောင်၏ ကုန်သွယ်ရေးအလားအလာသည် နည်းပညာကဏ္ဍအလားအလာကောင်းမွန်နေမှု၊ ပထဝီနိုင်ငံရေးဖြစ်ပေါ် တိုးတက်မှု၊ စွမ်းအင်ဈေးနှုန်းတွေနှင့် ကမ္ဘာလုံးဆိုင်ရာစားသုံးသူဈေးကွက်၏ ဝယ်လိုအားအပါအဝင် အချက်အလက် အပြောင်းအလဲအများအပြားအပေါ် ဆက်လက်မူတည်နေမည်ဟု HKTDC ၏သုတေသနဆိုင်ရာ ဒါရိုက်တာဖြစ်သူ မစ္စတာ ဘာရစ်ပန်က ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

**Source: The Standard Journal**

**(ဖြိုးဖြိုးဝင်း၊ စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)**

## ဒီဂျစ်တယ်ပြပွဲမှတစ်ဆင့် မြို့တော်ဟန္နိုင်း၏ နှစ်(၁၀၀)ပင်မစီမံကိန်းကို ဗီယက်နမ်ပြသသွားမည်

၂၀၂၆ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ကျင်းပမည့်ပြပွဲသည် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများနှင့်ပြည်တွင်း ရင်းနှီးမြှုပ်နှံသူ ၅၈၀ မှ ၇၈၀ အပါအဝင် ကိုယ်စားလှယ် ၁၀၀၀ မှ ၁၂၀၀ ကို ဆွဲဆောင်နိုင်ရန် မျှော်မှန်းထားသည်။ မြို့တော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော်ပြသနိုင်ရန် တိုးတက်လာသော ဒီဂျစ်တယ်နည်းပညာများကို အသုံးပြု၍ မြို့တော်အတွက် နောင်လာမည့်နှစ်(၁၀၀)အထိရည်မှန်းကာ ကြီးမားသောပြပွဲကြီးတစ်ခုအား ဟန္နိုင်းပြတိုက်၌ တင်ဆက်ပြသသွားမည် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်နှင့် ဟန္နိုင်းမြို့တော် နှစ် ၁၀၀ မျှော်မှန်းချက် ပင်မစီမံကိန်း ၂၀၂၆ ကို ကြေညာသွားမည့် ကွန်ဖရန့်နှင့်စပ်လျဉ်း၍ ဇွန်လ ၂၅ ရက်နေ့တွင်ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲအရ ပြတိုက်၏ အထပ်ပေါင်းစုံတွင် ပြပွဲကြီးကို ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ပထမထပ်တွင် နောက်ဆုံးပေါ်အစီအစဉ်များဖြင့် နောက်ဆုံးရသတင်းအချက်အလက်များကိုဖော်ပြကာ စက်ဝိုင်းပုံလှည့်လည်နေသော (၇)မီတာအချင်းရှိသည့် စံပြပုံစံငယ် တစ်ခုကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။ (၁၂၀၀)စတုရန်းမီတာကျယ်ဝန်းသော စတုတ္ထထပ်ကို "အထူးအတွေ့အကြုံ ရရှိစေမည့်နေရာ" တစ်နေရာအဖြစ်လည်း ပုံဖော်ပြသသွားမည်ဖြစ်သည်။ ထို့ပြင် ဟန္နိုင်းမြို့သမိုင်းကြောင်းအရ ဖွံ့ဖြိုးတိုးတက် လာမှုကို အသေးစိတ်ဖော်ပြကာ မြို့တော်၏ နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦများကို အမြင်တင့်တယ်စွာ ပုံဖော် ထားသော 3D Model ဖြင့်လည်း တက်ရောက်လာသောဧည့်သည်တော်များက ရှုမြင်နိုင်မည်ဖြစ်သည်။ ဧည့်သည်တော်များ အနေဖြင့် 3D မှတ်တမ်းရုပ်သံများ၊ မြို့ပြအစီအစဉ်သတင်းအချက်အလက်များကိုလည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

ပင်မစီမံကိန်းတွင်သဘာဝမြေဧရိယာ ၃၃၅၉ စတုရန်းကီလိုမီတာကျော်ပါဝင်သည်။ သဘာဝနှင့်လိုက်လျောညီထွေ ဖြစ်စေမည့် ယဉ်ကျေးမှုဆိုင်ရာအခင်းအကျင်းက ဗဟိုပြု၍ မြစ်နီမြစ်ကိုအသုံးချကာ အထပ်စုံ၊ အလွှာစုံ၊ စင်တာပေါင်းစုံ ထည့်သွင်းထားသောပုံစံကို အခြေပြုထားသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံကိုချမှတ်ဆောင်ရွက်ထားသည်။ ၂၀၄၅ ခုနှစ်တွင် ဟန္နိုင်းမြို့သည် ဒေသဆိုင်ရာ စုစုပေါင်းပြည်တွင်းထုတ်ကုန် အမေရိကန်ဒေါ်လာ ၆၄၀ ဘီလီယံရရှိရန် မျှော်မှန်းလျက် လူနေမှုအဆင့်အတန်းမြင့်မားသည့် ကမ္ဘာ့မြို့တော်တစ်မြို့အဖြစ်သို့ အသွင်ကူးပြောင်းရန် ရည်မှန်း ထားသည်။ကာဗွန်ထုတ်လွှတ်မှုလုံးဝမရှိသည့် "Zero Emission" ကို ကတိကဝတ်ပြုလျက် သယ်ယူပို့ဆောင်ရေး အခြေပြု မြို့ပြဖွံ့ဖြိုးတိုးတက်မှု (TOD)နှင့်ပေါင်းစပ်ပြီး ဖြစ်ပေါ်လာမည့်ပြဿနာများကို ဖြေရှင်းပေးနိုင်မည့် အုပ်စု(၁၁)စုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်သည်။ ဇွန်လ ၂၉ ရက်နေ့တွင် ကျင်းပမည့်ပြပွဲကြီးသည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ၅၈၀ နှင့် ၇၈၀ ကြား၊

ကိုယ်စားလှယ် ၁၀၀၀ မှ ၁၂၀၀ ကိုဆွဲဆောင်နိုင်ရန် မျှော်မှန်းထားသည်။

ထိုပြပွဲတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအတွက် 360 degree ဒီဂျစ်တယ်အချက်အလက်စီမံခန့်ခွဲမှု စနစ်တစ်ရပ်ကို ပွဲဦးထွက်အနေဖြင့် ချပြသွားမည်ဖြစ်သည်။ ထိုစနစ်တွင် ပြည်တွင်းထုတ်ကုန်များနှင့် အလားအလာရှိသော ထုတ်ကုန်များကို ရင်းနှီးမြှုပ်နှံခြင်းအပေါ် နားလည်ရလွယ်သော ရှုမြင်သုံးသပ်မှုတစ်ရပ်ကိုပါ ထည့်သွင်းထားပြီး ဒစ်ဂျစ်တယ်ဖုံများလည်း ပါဝင်မည်ဖြစ်သည်။ ပြပွဲအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကမ္ဘာ့အဓိကကော်ပိုရေးရှင်းများနှင့် များစွာသော နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြမည်ဖြစ်ပြီး အဓိကစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှု မှတ်ပုံတင်ခွင့်ပြုခြင်းဆိုင်ရာ အထောက်အထားများကိုလည်း ခွင့်ပြုပေးသွားမည်ဖြစ်သည်။

**Source:https://en.vneconomy.vn/hanoi-unveils-100-year-master-plan-through-digital exhibition.htm**

**(သန္တာစိုးရီ၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

## STOCK EXCHANGE (2.7.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Jul. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,944 (Shares) | 15,949,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 76 | 1,368,000 | 33,109,694 | 595,975 |
| MTSH | 00002 | 8,900 | +300 | +3.49% | 9,000 | 9,000 | 8,700 | 107 | 953,500 | 38,929,150 | 346,469 |
| MCB | 00003 | 13,000 | +0 | +0.00% | 13,000 | 13,000 | 13,000 | 2 | 26,000 | 10,400,986 | 135,213 |
| FPB | 00004 | 7,200 | +200 | +2.86% | 7,200 | 7,200 | 7,200 | 311 | 2,239,200 | 31,144,738 | 224,242 |
| TMH | 00005 | 4,000 | +250 | +6.67% | 3,800 | 4,100 | 3,700 | 49 | 182,100 | 12,823,224 | 51,293 |
| EFR | 00006 | 2,050 | -50 | -2.38% | 2,100 | 2,100 | 2,050 | 2,433 | 5,009,300 | 19,977,223 | 40,953 |
| AMATA | 00007 | 3,900 | -50 | -1.27% | 3,900 | 3,900 | 3,900 | 3 | 11,700 | 10,497,598 | 40,941 |
| MAEX | 00008 | 6,400 | +100 | +1.59% | 6,300 | 6,400 | 6,300 | 963 | 6,159,300 | 23,804,946 | 152,352 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 1st Jul. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 836.87 | +11.58 | +1.40% | 836.78 | 837.82 | 830.63 | 3,944 | 15,949,100 | 8 | 1,587,438 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:30 am, 2nd Jul, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,916 (Shares) | 26,457,500 (MMK) |

| MYANPIX | 834.65 ▼ 2.22 |
|---|---|
| Total Volume (shares) | 2,916 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,583,220 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 18,000 | ▲ 0 |
| MTSH | 00002 | 8,800 | ▼ 100 |
| MCB | 00003 | 13,000 | ▲ 0 |
| FPB | 00004 | 7,100 | ▼ 100 |
| TMH | 00005 | 3,950 | ▼ 50 |
| EFR | 00006 | 2,050 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 100 |
| MAEX | 00008 | 6,500 | ▲ 100 |

TIR